KBZ BANK
STRENGTH OF MYANMAR

# PREPAID CARD စည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များ

ကမ္ဘောဇဘဏ်၏ KBZ VISA Prepaid Card နှင့်/သို့မဟုတ် KBZ MasterCard Prepaid Card ဝန်ဆောင်မှုအား ရယူအသုံးပြုမည့် ကတ်ကိုင်ဆောင်သူများအနေဖြင့် အောက်တွင်ဖော်ပြထားသော စည်းမျဉ်းနှင့်စည်းကမ်း သတ်မှတ်ချက်များ အား လိုက်နာကြရမည်ဖြစ်သည်။ ကမ္ဘောဇဘဏ်၏ KBZ VISA Prepaid Card နှင့်/သို့မဟုတ် KBZ MasterCard Prepaid Card ဝန်ဆောင်မှုများအား တောင်းခံခြင်း သို့မဟုတ် အသုံးပြုခြင်းသည် ကတ်ကိုင်ဆောင်သူအနေဖြင့် အခါအားလျော်စွာ ပြောင်းလဲနိုင်သည်ဖြစ်သော ဤစည်းမျဉ်းနှင့်စည်းကမ်း သတ်မှတ်ချက်များကို ဝန်ခံအသိအမှတ်ပြုခြင်းနှင့် လက်ခံခြင်းပင် ဖြစ်သည်။

## ၁။ အဓိပ္ပါယ်သတ်မှတ်ချက်

၁.၁။ **“ငွေစာရင်းအမှတ်"** ဆိုသည်မှာ ကတ်ကိုင်ဆောင်သူကပေးထားသည့် ငွေစာရင်းဖြစ်ပြီး ကတ်အသုံးပြုမှုအတွက် ငွေနုတ်ယူနိုင်သည့် ငွေစာရင်းကိုဆိုလိုသည်။

၁.၂။ **“ATM"** ဆိုသည်မှာ အလိုအလျောက်ငွေထုတ်စက်ကို သို့မဟုတ် ကတ်အသုံးပြု၍ရသည့် စက်ကို ဆိုလိုသည်။

၁.၃။ **“အလုပ်ဖွင့်ရက်”** ဆိုသည်မှာ မြန်မာနိုင်ငံရှိ စနေနေ့၊ တနင်္ဂနွေနေ့၊ အများပြည်သူအလုပ်ပိတ်ရက် သို့မဟုတ် ဘဏ် ပိတ်ရက်မဟုတ်သည့် နေ့ရက်များကိုဆိုလိုခြင်းဖြစ်သည်။

၁.၄။ **“ဗဟိုဘဏ်”** ဆိုသည်မှာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကို ဆိုလိုခြင်းဖြစ်သည်။

၁.၅။ **“KYC”** ဆိုသည်မှာ မြန်မာနိုင်ငံတော် ဗဟိုဘဏ် နှင့်/သို့ အခြား အခွင့်အာဏာပိုင်များမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ထားသော “သင်၏ ဖောက်သည်ကို သိပါ” ဟူသော မှတ်ပုံတင်ရန် လိုအပ်ချက်များ ကို ဆိုလိုသည်။

၁.၆။ **"ကမ္ဘောဇဘဏ်"** ဆိုသည်မှာ ကမ္ဘောဇဘဏ်လီမိတက်နှင့် အနာဂတ်တွင် ကမ္ဘောဇဘဏ်မှ တည်ထောင်မည့် ကမ္ဘောဇဘဏ်ခွဲများအပါအဝင် ယခုလက်ရှိ ကမ္ဘောဇဘဏ်ခွဲများအားလုံးကို ဆိုလိုသည်။

၁.၇။ **"ဘဏ်ခွဲ"** ဆိုသည်မှာ ကမ္ဘောဇဘဏ်လီမိတက် (ကမ္ဘောဇဘဏ်) ၏မည်သည့်ဘဏ်ခွဲကိုမဆို ဆိုလိုခြင်းဖြစ်သည်။

၁.၈။ **"ကတ်"** ဆိုသည်မှာ KBZ VISA Prepaid Card နှင့်/သို့မဟုတ် KBZ MasterCard Prepaid Card ကိုဆိုလိုသည်။

၁.၉။ **“လက်ကျန်ငွေ”** ဆိုသည်မှာ ကတ်အတွင်းသို့ထည့်သွင်းထားပြီး သုံးစွဲမှုပြုနိုင်သည့်ငွေကြေးပမာဏဖြစ်သည်။

၁.၁၀။ **"ကတ်ကိုင်ဆောင်သူ"** ဆိုသည်မှာ ကတ်အားအသက်ဝင်အောင်ဆောင်ရွက်ခြင်း၊ လက်ခံရယူထားခြင်း၊ နှင့်/သို့မဟုတ် အသုံးပြုခြင်းများပြုလုပ်သည့်လူပုဂ္ဂိုလ်ကိုဆိုလိုသည်။

၁.၁၁။ **"ကတ်နံပါတ်”** ဆိုသည်မှာ KBZ VISA Prepaid Card နှင့်/သို့မဟုတ် KBZ MasterCard Prepaid Card ပေါ်တွင် ဖော်ပြထားသည့် နံပါတ် ၁၆လုံးကိုဆိုလိုသည်။ ဤနံပါတ်များသည် ဘဏ်နှင့်ပြုလုပ်မည့် ဆက်သွယ်မှု/ဆက်သွယ်ဆောင်ရွက်မှုအားလုံးအတွက်ဖြစ်သည်။

၁.၁၂။ **"Card Verification Value 2 (CVV2)"** ဆိုသည်မှာ ကတ်အားအတုအပပြုလုပ်မှုမရှိစေရန် အကာအကွယ်ပေးထားသည့် လုံခြုံရေးအမှတ်အသားတစ်ခုဖြစ်သည်။

၁.၁၃။ **"EDC"** ဆိုသည်မှာ Electronic Data Capture Machine ကိုဆိုလိုသည်။

၁.၁၄။ **"သက်တမ်းကုန်ဆုံးမည့်နေ့ရက်"** ဆိုသည်မှာ KBZ VISA Prepaid Card နှင့်/သို့မဟုတ် KBZ MasterCard Prepaid Card ပေါ်တွင် "Valid Thru"အဖြစ် ဖော်ပြထားသည့် ကတ်တစ်ကတ်အား နောက်ဆုံးအသုံးပြုနိုင်သည့် နေ့ရက်၊ လ နှင့် ခုနှစ်တို့ကိုဆိုလိုသည်။

၁.၁၅။ **"POS"** ဆိုသည်မှာ Point of Sale terminal ကိုဆိုလိုသည်။

၁.၁၆။ **"ဖြည့်တင်းခြင်း"** ဆိုသည်မှာ ကတ်ကိုင်ဆောင်သူ၏ငွေစာရင်းအတွင်းသို့ငွေဖြည့်ရန် သို့မဟုတ် ငွေထည့်ရန် ဆောင်ရွက်ခြင်းကို ဆိုလိုသည်။

၁.၁၇။ **"Transaction ပမာဏ"** ဆိုသည်မှာ ကတ်ကိုင်ဆောင်သူ၏ကတ်အားအသုံးပြုမှုနှင့်ပတ်သက်၍ လက်ကျန်ငွေပမာဏမှနုတ်ယူမည့် ငွေပမာဏကို ဆိုလိုသည်။ ထိုပမာဏတွင် လွှဲပေးမည့်လက်ကျန်ငွေပမာဏ နှင့် Transaction ဆောင်ရွက်ခြင်းအတွက်ကျသင့်ငွေ စသည်တို့ပါဝင်သည်။

## ၂။ ကတ်ပိုင်ဆိုင်မှုနှင့်အသုံးပြုမှု

၂.၁။ ကတ်အားလုံးသည် မည်သည့်အချိန်တွင်မဆို ကမ္ဘောဇဘဏ်မှ ပိုင်ဆိုင်သောပစ္စည်းသာဖြစ်သည်။

၂.၂။ ကတ်အားလက်ဝယ်ထားခြင်း၊ အသုံးပြုခြင်းနှင့် ကတ်အားထိန်းသိမ်း ဆောင်ရွက်ရန်တို့သည် ကတ်ကိုင်ဆောင်သူတစ်ဦးတည်းတွင်သာလျှင် တာဝန်အပြည့်အဝရှိမည်ဖြစ်သည်။

၂.၃။ ကတ်ကိုင်ဆောင်သူသည် ကတ်အသုံးပြုမှုနှင့်စပ်လျဉ်း၍ ကမ္ဘောဇဘဏ်အနေဖြင့် အခါအားလျော်စွာ လိုအပ်၍ တောင်းခံနိုင်သည့် အချက်အလက်များနှင့် စာရွက်စာတမ်းများအား ကမ္ဘောဇဘဏ်သို့ပေးရမည်ဖြစ်သည်။

၂.၄။ ကတ်ကိုင်ဆောင်သူသည် ဥပဒေနှင့်ဆန့်ကျင်သော မည်သည့်ဆောင်ရွက်ချက်မျိုးအတွက်မဆို သို့မဟုတ် ဥပဒေအရတားမြစ်ထားသော မည်သည့်ရည်ရွယ်ချက်အတွက်မဆို ကတ်အားအသုံးမပြုရပါ။

၂.၅။ ကတ်ကိုင်ဆောင်သူတစ်ဦးတည်းကသာလျှင် ကတ်အားသီးသန့်အသုံးပြုရမည်ဖြစ်ပြီး ကတ်ကိုလွှဲပြောင်းခွင့် မရှိပါ။

## ၃။ ကတ်စည်းကမ်းချက်များ

### ၃.၁။ ကတ်လျှောက်ထားခြင်းနှင့် အသက်ဝင်အောင်ပြုလုပ်ခြင်း

၃.၁.၁။ ကတ်လျှောက်ထားရာတွင် ကတ်လျှောက်ထားသူသည် အသက် ၁၈ နှစ်ပြည့်ပြီးသူဖြစ်ရမည်ဖြစ်ပြီး ပဋိညာဉ်ချုပ်ဆိုရန် အရည်အချင်းပြည့်မီသူဖြစ်ရမည်ဖြစ်သည်။

၃.၁.၂။ မြန်မာနိုင်ငံအတွင်းနေထိုင်သူများနှင့် နိုင်ငံအတွင်းနေထိုင်သူမဟုတ်သူများလည်း ဘဏ်ကလိုအပ်၍ တောင်းခံသည့် သက်ဆိုင်ရာ အထောက်များနှင့်အတူလျှောက်လွှာတင်သွင်းပြီး ကတ်အတွင်းသို့ အနည်းဆုံး ကနဦးပေးသွင်းငွေ အတွက် USD 50 ပေးချေခြင်းဖြင့် ကတ်ကိုလျှောက်ထားနိုင်သည်။

၃.၁.၃။ သတ်မှတ်ထားသည့်ဘဏ်ခွဲများတွင်ကတ်ကိုလျှောက်ထားနိုင်ပြီး ကတ်ကိုင်ဆောင်သူ အနေဖြင့်ကတ်ကို ရရှိထားပြီးဖြစ်ပါကကတ်အားအသုံးပြုနိုင်သည်။ ကတ်အားအသုံးပြုခြင်းသည်ကတ်ကိုင်ဆောင်သူ အနေဖြင့် ဤစည်းမျဉ်းနှင့်စည်းကမ်း သတ်မှတ်ချက်များအားလိုက်နာပါမည်ဟု သဘောတူခြင်းဖြစ်သည်။

၃.၁.၄။ ကမ္ဘောဇဘဏ်အနေဖြင့်ဝန်ဆောင်မှုနှင့်ဆက်စပ်အခကြေးငွေများ၊အနိမ့်ဆုံးကနဦးအပ်ငွေ ကန့်သတ်ချက်များနှင့် ငွေပေးငွေယူများအတွက်အများဆုံးကန့်သတ်ချက်များကိုပြုပြင်ရန်သို့မဟုတ် ပြင်ဆင်ပိုင်ခွင့်ရှိကြောင်း ကတ်ကိုင်ဆောင်ထားသူမှ သိရှိလက်ခံသဘောတူပါသည်။

၃.၁.၅။ ကတ်အားကတ်ကိုင်ဆောင်သူမှထုတ်ယူလက်ခံရရှိသည်နှင့် ဖျက်၍မရသောဘောပင်ဖြင့် ကတ်၏နောက်ကျောဖက်တွင်ပါဝင်သည့်လက်မှတ်ထိုးရန်အကွက်တွင် ကတ်ကိုင်ဆောင်သူ၏လက်မှတ်အားချက်ချင်းရေးထိုးထားရမည်။ merchant ၏ဆိုင်တွင် charge slips ၌ထိုးပေးသည့်လက်မှတ်သည်ဤလက်မှတ်နှင့်တူညီရမည်။

၃.၁.၆။ ကမ္ဘောဇဘဏ်သည် မည်သည့်အကြောင်းပြချက်ကိုမျှ မပေးဘဲ သို့မဟုတ် မည်သည့်ရှင်းလင်းချက်မျှပေးရန်မလိုဘဲ ကမ္ဘောဇဘဏ်၏တစ်ခုတည်းသောဆုံးဖြတ်ချက်ဖြင့် သင်၏ကတ်လျှောက် ထားခြင်းကို ပယ်ချခြင်းနှင့် ငြင်းပယ်ခြင်းတို့အား ပြုလုပ်ခွင့်အပြည့်အဝရှိမည်ဖြစ်သည်။

၃.၂။ **ကတ်တွင်ငွေကြေးအမျိုးအစားတစ်ခုတည်းအသုံးပြုခြင်း**

၃.၂.၁။ ဤကတ်သည် နိုင်ငံခြားသို့ခရီးထွက်ရာတွင် အသုံးပြုရန်ရည်ရွယ်ထားသည့်အလျောက် ကတ်ကိုင်ဆောင်သူ သည် ကမ္ဘောဇဘဏ်၏ လမ်းညွှန်ချက်များအရ သတ်မှတ်ထားသောငွေကြေးကို ထည့်သွင်းနိုင်သည်။ ကမ္ဘောဇဘဏ်မှ သတ်မှတ်ချက်များနှင့်အညီငွေများကို ဝယ်ယူမှုများနှင့် ငွေထုတ်ခြင်းအပါအဝင် အမျိုးမျိုးသော Transaction များအတွက် အသုံးပြုနိုင်သည်။

၃.၂.၂။ ကတ်ကိုင်ဆောင်သူခရီးသွားစဉ် ကတ်အတွင်း ငွေကြေးအမျိုးအစား တစ်ခုတည်းကိုသာထည့်ထားပြီး ကတ်ကိုင်ဆောင်သူမှထည့်ထားသည့် ငွေကြေးအမျိုးအစား ကိုသာသုံးမည်ဆိုပါက သုံးစွဲလိုက်သည့်ငွေအတွက် မည်သည့်ငွေကြေးစနစ် ပြောင်းလဲခကိုမျှ ကောက်ခံခြင်းမပြုဘဲ ကတ်ကိုင်ဆောင်သူ၏လက်ကျန်ငွေပမာဏမှ ခုနှိမ်ဖြတ်တောက်သွားမည်။ ကတ်ကိုင်ဆောင်သူအသုံးပြုလိုက်သည့် wallet ရှိ ငွေကြေးအမျိုးအစား အပေါ်မူတည်ပြီး ငွေကြေးအမျိုးအစား ပြောင်းလဲခကို ကောက်ခံမည်ဖြစ်ပါသည်။

၃.၂.၃။ ကတ်ကိုင်ဆောင်သူမှ ထည့်ထားသည့် ငွေကြေးအမျိုးအစားတွင် ငွေအလုံအလောက်မရှိပါက သို့မဟုတ် သင့်အနေဖြင့် ထည့်သွင်း ထားသော မတူညီသည့်ငွေ ကြေးအမျိုးအစားများအား သုံးစွဲလိုက်သည်ဆိုပါက ကတ်သည် အခြားသော ငွေကြေးအမျိုးအစား wallet များကိုအစဉ်လိုက်စစ်ဆေးပြီး Transaction ပြီးဆုံးအောင်ဆောင်ရွက်ပေးမည်ဖြစ် သည်။ လက်ရှိအားဖြင့် ကြိုတင်သတ်မှတ်ပေးထားသည့် ငွေကြေးအမျိုးအစားအဖြစ် USD ကို ကတ်အတွင်းထည့်နိုင်ပါသည်။

၃.၃။ **ကတ်အတွင်းငွေဖြည့်ခြင်း**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သတ်မှတ်ထားသော စည်းမျဥ်းသတ်မှတ်ချက်များအား လိုက်နာပြီး ကမ္ဘောဇဘဏ်မှ သတ်မှတ်ထားသော အများဆုံးငွေပမာဏအထိ ကတ်ထဲသို့ ငွေထည့်သွင်းနိုင်ပါသည်။ ကတ်ကိုင်ဆောင်သူ၏ ကတ်အတွင်းသို့ အများဆုံးထည့်နိုင်သည့် ငွေပမာဏမှာ ကတ်ကိုင်ဆောင်သူ၏ ကတ်ရှိလက်ကျန်ငွေသည် ကတ်ကိုင်ဆောင်သူမှ Transaction ပြုလုပ်ခြင်းအတွက် မလုံလောက်ပါက၊ ထို

Transaction ကို အလိုအလျောက် ပယ်ချမည်ဖြစ်ပါသည်။ ကမ္ဘောဇဘဏ်သည် မည်သည့်အခြေအနေတွင်မဆို Transaction ပြုလုပ်ခြင်း ကို လက်ခံရန် ငြင်းပယ်ပိုင်ခွင့်ရှိသည်။ ငွေလက်ခံပြေစာထုတ်ယူပြီးနောက် ကတ်ကိုင်ဆောင်သူ၏ကတ်အား ပြန်လည်အသုံးပြုနိုင်မည်ဖြစ်ပါသည်။

၃.၄။ **ကတ်အားငွေထပ်ဖြည့်ခြင်း**

ကမ္ဘောဇဘဏ်၏မည်သည့်ဘဏ်ခွဲတွင်မဆို ကတ်သက်တမ်းမကုန်ဆုံးခင်အချိန်ထိ ကတ်ကိုင်ဆောင်သူ၏ ကတ်အတွင်းသို့ငွေထပ်မံ ဖြည့်သွင်းနိုင်ပါသည်။ ကတ်ကိုင်ဆောင်သူ၏ကတ်တွင် အများဆုံး လက်ကျန်ငွေ ပမာဏသည် ကမ္ဘောဇ ဘဏ်မှ သတ်မှတ်ထားသောပမာဏ ထက်ကျော်လွန်၍ ထည့်သွင်းခွင့်ရှိမည် မဟုတ်ပါ။

## ၄။ ကတ်သက်တမ်းနှင့်အသုံးပြုနိုင်မှု

၄.၁။ ကတ်အား မြန်မာနိုင်ငံအတွင်းနှင့် ပြည်ပငွေပေးချေမှုများပြုလုပ်ရန်အတွက် အသုံးပြုနိုင်မည်ဖြစ်သည်။

၄.၂။ ကတ်၏သက်တမ်းမှာ ကတ်အားစတင်ထုတ်ပေးသည့်ရက်မှစ၍ ၅ နှစ်အထိဖြစ်ပြီး ထိုကတ်၏သက်တမ်းကို ကတ်၏ရှေ့မျက်နှာစာဖက်တွင်ဖော်ပြပေးထားပါသည်။ ကတ်ကိုင်ဆောင်သူသည် PIN ကို ပြောင်းလဲခြင်းဖြင့် ကတ်ကို အသက်သွင်းနိုင်သည်။ ကတ်သက်တမ်းကုန်ဆုံးသောအခါတွင် ကတ်သည် အလိုအလျောက် ပိတ်သွားမည်ဖြစ်သည်။ ကတ်ကိုင်ဆောင်သူသည် ကမ္ဘောဇဘဏ်သို့သွားရောက်ခြင်းဖြင့် ၎င်း၏ ကတ်သက်တမ်း ကုန်ဆုံးရက်မပြည့်မီ ကတ်ကိုသက်တမ်းတိုးရန် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

၄.၃။ VISA/MasterCard ကွန်ယက်အဖွဲ့ဝင်များဖြစ်သည့် အခြားဘဏ်များ၏ မည်သည့် ATM စက်တွင်မဆို ကတ်ကိုအသုံးပြုပြီးငွေထုတ်ယူနိုင်မည်ဖြစ်ပါသည်။

၄.၄။ ကတ်၏ရရှိနိုင်သောပမာဏနှင့်အညီ ကမ္ဘောဇဘဏ်မှ သတ်မှတ်ထားသော ပမာဏအထိ Transaction လုပ်ဆောင်နိုင်သည်။

၄.၅။ ကတ်ဖြင့် Transaction လုပ်ရာတွင် ကတ်ကိုင်ဆောင်သူမှ Transaction ပြုလုပ်ခဲ့သည့်နိုင်ငံ၏ ငွေကြေးအမျိုးအစားဖြစ်မည်ဖြစ်သည်။ သို့ရာတွင် ထည့်ထားသည့်ငွေကြေးအမျိုးအစားနှင့် Transaction လုပ်လိုက်သည့်ငွေကြေးအမျိုးအစားတို့မတူညီပါကကတ်ကိုင်ဆောင်သူသည် ကမ္ဘောဇဘဏ်မှ သတ်မှတ်ထားသည့် ငွေကြေးလဲလှယ်မှု နှုန်းထားအတိုင်း ပေးဆောင်ရမည်ဖြစ်ပါသည်။

၄.၆။ ငွေလဲနှုန်း - Transaction ပြုလုပ်သည့်နေ့တွင် ကတ်ထုတ်ပေးသည့် ဘဏ်မှသတ်မှတ်ထားသည့် ငွေလဲလှယ်နှုန်းအတိုင်း VISA/MasterCard ကရွေးချယ်သွားမည်ဖြစ်သည် နှင့်/သို့မဟုတ် ကတ်ထုတ်ပေးသည့် ကမ္ဘောဇဘဏ်၏ဆုံးဖြတ်ချက်ဖြင့် ငွေလဲနှုန်းထားများကို အတိုးနှင့်အလျော့ ပြုလုပ်နိုင်သည်။

၄.၇။ Transaction ပြုလုပ်သည့်နေ့တွင် အစိုးရကသတ်မှတ်ထားသည့် ငွေလဲနှုန်းထားအတိုင်းဖြစ်ရမည်ဖြစ်ပြီး ကတ်ထုတ်ပေးသည့်ကမ္ဘောဇဘဏ်၏ဆုံးဖြတ်ချက်ဖြင့်ငွေလဲနှုန်းထားများကို အတိုးနှင့် အလျော့ပြုလုပ်နိုင်သည်။

## ၅။ ကတ်သုံးစွဲမှုကန့်သတ်ချက်

ကတ်ကိုင်ဆောင်သူသည် ကမ္ဘောဇဘဏ်မှ သတ်မှတ်ထားသော ငွေသားထုတ်ယူမှုကန့်သတ်ချက်များနှင့်အညီ VISA/MasterCard ကွန်ရက်အဖွဲ့ဝင်များဖြစ်သည့် မည်သည့်နိုင်ငံရပ်ခြားရှိ မည်သည့် ATM စက်များတွင်မဆို နေ့စဉ်ငွေသားထုတ်ယူနိုင်သည်။

## ၆။။ ကတ်အသုံးပြုခြင်း

အောက်ပါအချက်များကိုကတ်ကိုင်ဆောင်သူကဝန်ခံအသိအမှတ်ပြုသည် -

၆.၁။ Merchant ရှိသည့်နေရာ၊ Point of Sale အသုံးပြုမှု (EDC Terminal) နှင့် ATM များ

၆.၁.၁။ Point of Sale Terminal သို့မဟုတ် Merchant ရှိသည့်နေရာများတွင် ငွေထုတ်ယူခြင်း သို့မဟုတ် ငွေထည့်ခြင်းကို ခွင့်မပြုပါ။

၆.၁.၂။ VISA/MasterCard logo များဖော်ပြထားသည့် Merchant များသည် ပုံမှန်အားဖြင့် ကတ်ကိုအသုံးပြုပေးချေမှုကို လက်ခံမည်ဖြစ်သည်။

၆.၁.၃။ ကတ်သည် အီလက်ထရောနစ် စနစ်ဖြင့်အသုံးပြုရန်အတွက်သာဖြစ်ပြီး Marchant POS Terminal တွင် အသုံးပြုနိုင်မည်ဖြစ်သည်။ အီလက်ထရောနစ်စနစ်ဖြင့် ပေးချေမှုအတွက် ကတ်အားအသုံးပြုခြင်းမဟုတ်ဘဲ အခြားသောနည်းလမ်းများဖြင့် ကတ်အားအသုံးပြုခြင်းကို ခွင့်ပြုချက်မရဘဲသုံးစွဲခြင်းဖြစ်သည်ဟုမှတ်ယူမည်ဖြစ်ပြီး ထိုသို့သော နည်းလမ်းများဖြင့်ပြုလုပ်သည့် Transaction ပြုလုပ်မှုများအတွက် ကတ်ကိုင်ဆောင်သူထံတွင်သာလျှင် တာဝန်ရှိမည်ဖြစ်သည်။

၆.၁.၄။ ကတ်ကိုင်ဆောင်သူ၏လက်မှတ်ပါဝင်မှသာလျှင် ကတ်အားလက်ခံမည်ဖြစ်သည်။

၆.၁.၅။ EDC terminal က sales slip ထုတ်ပေးပြီးမှသာ Transaction သည် တရားဝင်ဖြစ်ပြီး Transaction ပြုလုပ်မှုပြီးစီးသည်ဟု မှတ်ယူရမည်။

၆.၁.၆။ ကတ်ကိုင်ဆောင်သူသည် Merchant တွင်ဝယ်ယူပေးချေမှုတစ်ခုစီအတွက် ကတ်အားတစ်ကြိမ်သာအသုံးပြုရမည်ဖြစ်သည်။ ကတ်ကိုအသုံးပြုတိုင်း sales slip ကိုထုတ်ပေးမည်ဖြစ်ပြီး ကတ်ကိုင်ဆောင်သူသည် Merchant တွင် ဝယ်ယူပေးချေမှုအတွက် ကတ်အား အကြိမ်ပေါင်းများစွာ အသုံးပြုခြင်းမဖြစ်စေရန် သေချာစေရမည်ဖြစ်သည်။

၆.၁.၇။ ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုအား ထောက်ပံ့မှုဟူ၍သာကန့်သတ်ထားခြင်းမရှိဘဲ ယင်းတို့အပါအဝင် ကတ်ကိုင်ဆောင်သူနှင့် Merchant တို့အကြားပြုလုပ်သည့် မည်သည့်ဆောင်ရွက်မှုအတွက်မဆို ဘဏ်သည် တာဝန်ယူမည်မဟုတ်ပါ။ VISA/ MasterCard Electron Merchant Establishment နှင့်ပတ်သက်၍ ကတ်ကိုင်ဆောင်သူအနေဖြင့် မကျေနပ်ချက်များရှိပါက ထိုကိစ္စများကို ကတ်ကိုင်ဆောင်သူနှင့် Merchant Establishment ကြားတွင်သာ ဖြေရှင်းရမည်ဖြစ်ပြီး ထိုသို့ဖြေရှင်းနိုင်ခြင်းမရှိခြင်းကြောင့် ကတ်ကိုင်ဆောင်သူက ဘဏ်အပေါ်တင်ရှိသည့် ဝတ္တရားများကို သက်သာခွင့်ရရှိစေမည်မဟုတ်ပါ။ သို့ရာတွင် ကတ်ကိုင်ဆောင်သူအနေဖြင့် ၎င်း၏မကျေနပ်ချက်အား ကမ္ဘောဇဘဏ်သို့ချက်ခြင်း အကြောင်းကြားရမည်ဖြစ်သည်။

၆.၁.၈။ Merchant ကကောက်ခံသည့်အပိုအခများ၊ ကတ်စာရင်းအတွင်းမှနှုတ်ယူခြင်းများနှင့်ပတ်သက်ပြီး ဘဏ်တွင်တာဝန်ရှိမည်မဟုတ်ပါ။

၆.၁.၉။ Merchant Establishment တွင်ကတ်အားအသုံးပြုပြီးချိန်တိုင်း ကတ်ကိုင်ဆောင်သူသည် လက်မှတ်ရေးထိုးပြီး sales slip ကိုသိမ်းဆည်းထားရမည်။ ဘဏ်ကကောက်ခံမည့် အပိုအခများအတွက် sale slip မိတ္တူကို ထုတ်ထားမည်။ ကတ်ကိုင်ဆောင်သူ ကိုယ်တိုင် လက်မှတ်ထိုးထားခြင်းမရှိသော်လည်း အတည်ပြုနိုင်သည့် sale slip ကို ကတ်ကိုင်ဆောင်သူက ခွင့်ပြုထားခြင်းပင်ဖြစ်ပြီး ကတ်ကိုင်ဆောင်သူ၏တာဝန်သာဖြစ်သည်။

၆.၁.၁၀။ အမှားအယွင်းတစ်စုံတစ်ရာကြောင့်ဖြစ်စေ၊ ကုန်ပစ္စည်းများပြန်ပို့ခြင်းကြောင့်ဖြစ်စေ ကတ်ကိုင်ဆောင်သူအနေဖြင့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည့် Transaction ကို ပယ်ဖျက်လိုပါက အစောပိုင်းက ပြုလုပ်ထားသည့် sales receipt ကို Merchant Establishment ကဖျက်သိမ်းပေးရမည်ဖြစ်ပြီး ဖျက်သိမ်းလိုက်သည့် receipt မိတ္တူကို ကတ်ကိုင်ဆောင်သူကသိမ်းဆည်းထားရမည်ဖြစ်သည်။ Merchant Establishment/ ပစ္စည်းကိရိယာအမှား သို့မဟုတ် ဆက်သွယ်ရေးစနစ်ကြောင့် ဖြစ်ပေါ်ရသည့် ပြန်အမ်းငွေနှင့် ချိန်ညှိမှုများအားလုံးကို လူအားဖြင့် (manually) ဆောင်ရွက်ရမည်ဖြစ်ပြီး စနစ်တကျ စစ်ဆေးအတည်ပြုပြီးနောက် VISA/MasterCard ၏စည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက် များနှင့်အညီ စာရင်းအတွင်းသို့ငွေပြန်ထည့်ပေးရမည်။ ပြန်အမ်းငွေအားထည့်သွင်း စဉ်းစားခြင်း မပြုဘဲ ကတ်အတွင်းရှိ လက်ကျန်ငွေပမာဏပေါ်တွင်သာ မူတည်လျက် တစ်ကြိမ်တွင် အသုံးပြုထားသည့်ပမာဏကိုသာလျှင် ဘဏ်မှနှုတ်ယူမည်ကို ကတ်ကိုင်ဆောင်သူက သဘောတူသည်။ ငွေပေးချေမှုဆိုင်ရာညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်မှု မရှိသောကြောင့် ပေါ်ပေါက်လာသည့် မည်သည့်အဖိုးအခကိုမဆို ကတ်ကိုင်ဆောင်သူသည် ဘဏ်အား လျော်ကြေးပေးဆောင်ရမည်။

၆.၁.၁၁။ မည်သည့် ATM/EDC/POS နှင့်အခြားသောကိရိယာများ၌ကတ်အားအသုံးပြုမှုအတွက် ကတ်အပေါ်တွင် ကောက်ခံမည့် ဝန်ဆောင်ခ နှင့်/သို့မဟုတ် Transaction ခ နှင့်/သို့မဟုတ် ဆောင်ရွက်ခ ကိုပေး ဆောင်ရမည်ဖြစ်သည်။

၆.၁.၁၂။ ကတ်ကိုင်ဆောင်သူထံသို့ကြိုတင်အကြောင်းကြားခြင်းဖြင့်ဖြစ်စေ၊ အကြောင်းကြားမှုမပြုဘဲဖြစ်စေ၊ အထက်ပါ အခများအားလုံးကို ရှိနေသည့်ပမာဏမှ နှုတ်ယူသွားမည်ဖြစ်သည်။

၆.၁.၁၃။ Transaction ပြုလုပ်ခဲ့သည့်မှတ်တမ်းမှတ်ရာများအား သိမ်းဆည်းထားရန် ကတ်ကိုင်ဆောင်သူကို အကြံပြုပါသည်။

၆.၁.၁၄။ ခွင့်ပြုချက်မရှိဟုယူဆထားသည့် မည်သည့် အသုံးပြုမှု/အရောင်းအဝယ်ပြုလုပ်မှုမှန်သမျှနှင့် ပတ်သက်၍ ကတ်ကိုင်ဆောင်သူတစ်ဦးတည်းတွင်သာလျှင်တာဝန်ရှိသည်။

၆.၂။ **E-Commerce (online မှဝယ်ယူခြင်း)**

၆.၂.၁။ ကတ်ကိုင်ဆောင်သူအနေဖြင့် online မှဝယ်ယူမှုပြုလုပ်ရန်အတွက် ကတ်တွင်ဖော်ပြထားသည့် နံပါတ် ၁၆ လုံး နှင့် ကတ်၏ကျောဖက်တွင်ဖော်ပြထားသော CVV2 code ကိုပေးရမည်ဖြစ်သည်။ အချို့သော online မှတစ်ဆင့် ဝယ်ယူမှုပြုလုပ်ရာတွင် ကတ်သက်တမ်းကုန်ဆုံးမည့်နေ့ရက်နှင့် ကတ်ကိုင်ဆောင်သူအမည်ကို ဖြည့်စွက်ရန်လိုအပ်မည်ဖြစ်သည်။

၆.၂.၂။ ကတ်ကိုင်ဆောင်သူအနေဖြင့် online shopping ပြုလုပ်ရာတွင်လည်း Transactions ပြီးမြောက်အောင်မြင်စေရန်အတွက် Secure Code (One Time Password, OTP) ကိုဖြည့်စွက်ရန် လိုအပ်ပါသည်။ လုံခြုံမှုပိုင်း ဆိုင်ရာအကြောင်းများကြောင့် Secure Code ကို ကတ်ကိုင်ဆောင်သူ၏ email သို့ပေးပို့သွားမည် ဖြစ်ပါသည်။

## ၇။ ကတ်ကိုင်ဆောင်သူ၏တာဝန်ဝတ္တရားများ

၇.၁။ ကတ်ကိုင်ဆောင်သူမှ ကမ္ဘောဇဘဏ်သို့ပေးထားသည့် ၎င်း၏လိပ်စာ၊ ဖုန်းနံပါတ် သို့မဟုတ်အခြားသော အကြောင်းအရာများတွင်အပြောင်းအလဲရှိသည်ဆိုပါက ကမ္ဘောဇဘဏ်သို့ဆောလျင်စွာ အကြောင်းကြားရမည်။

၇.၂။ ကမ္ဘောဇဘဏ်သည် ကတ်လျှောက်ခြင်းအား ကမ္ဘောဇဘဏ်၏ တစ်ဦးတည်း၏ဆုံးဖြတ်ချက်ဖြင့် အကြောင်းပြချက် တစ်စုံတစ်ရာမပေးဘဲ ကတ်ထုတ်ပေးရန် ငြင်းဆိုပိုင်ခွင့်ရှိသည်ကို ကတ်ကိုင်ဆောင်သူက သိရှိသဘောတူပါသည်။

၇.၃။ ကတ်ကိုင်ဆောင်သူအား ကတ်ထုတ်ထားပေးပြီးသည်နောက် ကတ်ကိုင်ဆောင်သူမှပေးထားသည့် သတင်းအချက်အလက်များ မှားယွင်းကြောင်း နှင့်/သို့မဟုတ် ကတ်အားအလွဲသုံးစားပြုလုပ်ကြောင်း နောက်ပိုင်းတွင် တွေ့ရှိရသည်လျှင် ကတ်ကိုင်ဆောင်သူထံသို့ ထုတ်ပေးထားသည့်ကတ်အား သိမ်းဆည်းရန်/ဖျက်သိမ်းရန်အတွက် ကမ္ဘောဇဘဏ်တွင် လုပ်ပိုင်ခွင့်အပြည့်အဝရှိသည်ကို ကတ်ကိုင်ဆောင်သူမှ သိရှိသဘောတူပါသည်။

၇.၄။ ကတ်အားလုံခြုံစိတ်ချရသည့်နေရာ၌အချိန်တိုင်းထားရှိရမည်မှာ ကတ်ကိုင်ဆောင်သူ၏ တာဝန်သာလျှင် ဖြစ်သည်။

၇.၅။ ကတ်အားအသက်ဝင်အောင်ဆောင်ရွက်ပြီးသည်နှင့် ကတ်ကိုင်ဆောင်သူသည် ၎င်း၏ PIN နံပါတ်နှင့် ကတ်၏ကျောဖက်တွင်ပါရှိသည့် CVV2 တို့အား အခြားသူတစ်ဦးတစ်ယောက် မျှဝေပေးအပ်ခြင်းမပြုလုပ်ရပါ။

၇.၆။ ကတ်သည်ဘဏ်ပိုင်ပစ္စည်းဖြစ်ပြီး ဘဏ်ကတောင်းခံလာပါက ကမ္ဘောဇဘဏ်၏ Card ဌာနသို့ ချက်ခြင်းပြန်လည်ပေးအပ်ရမည်။

၇.၇။ Transactions အားလုံးနှင့် သက်ဆိုင်ရာကောက်ခံမှုအားလုံးအတွက် ကတ်ကိုင်ဆောင်သူတွင်သာလျှင် တာဝန်ရှိသည်။

၇.၈။ ကတ်နှင့်ပတ်သက်၍ပေးထားသည့်ညွှန်ကြားချက်အားလုံးသည် အတည်ဖြစ်သည်။

၇.၉။ ကတ်ကိုင်ဆောင်သူ၏ ခွင့်ပြုချက်ရ၍ဖြစ်စေ၊ ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ သို့မဟုတ် ကတ်ကိုင်ဆောင်သူ အနေဖြင့် အတိအလင်းသော်လည်းကောင်း သို့မဟုတ် သွယ်ဝိုက်သော နည်းဖြင့်သော် လည်းကောင်း သိရှိ၍ဖြစ်စေ၊ မသိဘဲနှင့်ဖြစ်စေ မည်သည့်အခြေအနေတွင်မဆို ကတ်အားအသုံးပြုမှုအားလုံးအတွက် ကတ်ကိုင်ဆောင်သူထံတွင်သာ လျှင်အပြည့်အဝတာဝန်ရှိသည်။

၇.၁၀။ ကတ်ကိုအသုံးပြုပြီး သုံးစွဲသည့်ပမာဏများအားလုံးအတွက် Card Account မှနှုတ်ယူရန် ကတ်ကိုင်ဆောင်သူက ကမ္ဘောဇဘဏ်အား အခွင့်အာဏာပေးထားသည်။

၇.၁၁။ ကတ်ကိုင်ဆောင်သူအနေဖြင့် ကတ်အားမလိုအပ်တော့ခြင်းကြောင့်ဖြစ်စေ၊ ကတ်သက်တမ်းကုန်ဆုံးသွားခြင်းကြောင့်ဖြစ်စေ၊ ကတ်ပျောက်ဆုံးကြောင်းအသိပေးအကြောင်းကြားပြီးနောက် ကတ်အား ပြန်လည်တွေ့ရှိခြင်း ဖြစ်စေ ကတ်ကိုင်ဆောင်သူအနေဖြင့် ကတ်အားဘဏ်သို့ ပြန်လည်ပေးအပ်ရမည်။

## ၈။ ကတ်ပျောက်ဆုံးခြင်း/ခိုးယူခံရခြင်း

၈.၁။ ကတ်ကိုင်ဆောင်သူသည် သင့်တင့်လျောက်ပတ်သော ကြိုတင်ကာကွယ်မှုအားလုံးကိုလုပ်ပြီး ကတ်ပျောက်ဆုံးခြင်း မရှိစေရန်၊ ခိုးယူခံရခြင်းမရှိစေရန် သို့မဟုတ် ခွင့်ပြုချက်မရဘဲ အသုံးချခြင်းမျိုး မဖြစ်စေရန် ကတ်အား အကာအကွယ်ပေးသွားရန် ကတ်ကိုင်ဆောင်သူမှသဘောတူပါသည်။ ကတ်ကိုင်ဆောင်သူ၏ကတ်ပျောက်ဆုံးခြင်း သို့မဟုတ် ခိုးယူခံရခြင်း သို့မဟုတ် တစ်စုံတစ်ယောက်က ကတ်ကိုင်ဆောင်သူ၏ကတ်အား အသုံးပြုပြီး ခွင့်ပြုချက်မရှိသည့် Transaction များပြုလုပ်သည်ဟု ယုံကြည်ရန် အကြောင်းများရှိလျှင် သို့မဟုတ် ကတ်ကိုင်ဆောင်သူ၏ခွင့်ပြုချက်မရဘဲ ကတ်အားသုံးစွဲရန် ကြိုးပမ်းလျှင် ကတ်ကိုင်ဆောင်သူသည် ဘဏ်သို့လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ကမ္ဘောဇဘဏ်၏ Customer Call Center သို့ ဖုန်းခေါ်ဆိုခြင်းဖြင့်ဖြစ်စေ ကမ္ဘောဇဘဏ်ထံသို့ ချက်ချင်းအသိပေး အကြောင်းကြားရမည်။ ကမ္ဘောဇဘဏ်မှ လိုအပ်ပါက ကတ်ကိုင်ဆောင်သူအား မေးမြန်းတောင်းခံသည့် ကတ်ကိုင်ဆောင်သူ၏အမည်၊ ကတ်နံပါတ်၊ ကတ်သက်တမ်းကုန်ဆုံးမည့်ရက်၊ ကတ်၏မူရင်းတန်ဖိုး နှင့် Transaction ပြုလုပ်ထားသည့် သမိုင်းကြောင်းတို့အား ပေးရမည်ဖြစ်သည်။

၈.၂။ ကတ်ပျောက်ဆုံးကြောင်း ကမ္ဘောဇဘဏ်ထံသို့ ကတ်ကိုင်ဆောင်သူမှ အသိပေးအကြောင်းကြားသည့် အချိန်အထိ ကတ်ကိုင်ဆောင်သူ၏ကတ်ဖြင့်ပြုလုပ်သည့် Transaction အားလုံးအတွက် ကတ်ကိုင်ဆောင်သူ ထံတွင်သာလျှင် တာဝန်ရှိမည်ဖြစ်သည်။

၈.၃။ အစားထိုးပေးမည့်ကတ်အသစ်ကို ထုတ်ပေးမည်ဖြစ်ပြီး ရှိသည့်လက်ကျန်ငွေကို လွှဲထည့်ပေးမည်ဖြစ်သည်။

၈.၄။ ပျောက်ဆုံး သို့မဟုတ် ပျက်စီးသွားခြင်းကြောင့်အစားထိုးထုတ်ပေးရသည့်ကတ်အတွက် ကမ္ဘောဇဘဏ်က အခါအားလျော်စွာ သတ်မှတ်မည်ဖြစ်သည့် အခကြေးငွေကို ကတ်ကိုင်ဆောင်ထံမှ ကောက်ခံမည်ဖြစ်သည်။

## ၉။ ငွေစာရင်းဆိုင်ရာအချက်အလက်များကိုဝင်ရောက်ကြည့်ရှုခြင်း

၉.၁။ Cardholder များအနေဖြင့် အောက်ပါ Website များတွင်ဝင်ရောက်ကြည့်ရှုနိုင်သည် -

၉.၁.၁။ https://paymentcards.kbzbank.com တွင်ဝင်ရောက်ကြည့်ရှုနိုင်သည်။

၉.၁.၂။ ကတ်ကိုင်ဆောင်သူသည် currency Prepaid-Card အားအထက်ဖော်ပြပါ Web Address တွင်ဝင်ရောက်၍ မှတ်ပုံတင်နိုင်သည်။

၉.၁.၃။ ထို့နောက်တွင် ကတ်ကိုင်ဆောင်သူသည် နောက်ပိုင်းအသုံးပြုရန်အတွက် မိမိနှစ်သက်သည့် password ကို သတ်မှတ်နိုင်သည်။

၉.၁.၄။ ကမ္ဘောဇဘဏ်၏ currency Prepaid Customer Web တွင် Log-in လုပ်ထားခြင်းဖြင့် ကတ်ကိုင်ဆောင်သူ၏ prepaid Card Account ကို အချိန်မရွေး လွယ်ကူလျင်မြန်စွာ ဝင်ရောက်နိုင်သည်။

၉.၂။ ကတ်ကိုင်ဆောင်သူအနေဖြင့် အောက်ပါဝန်ဆောင်မှုများအတွက် KBZ Prepaid Web ကိုအသုံးပြုနိုင်သည် -

၉.၂.၁။ ကိုယ်ရေးအချက်အလက်အသေးစိတ်

၉.၂.၂။ Link Card

၉.၂.၃။ Card Account လက်ကျန်ငွေပမာဏ

၉.၂.၄။ ငွေစာရင်းရှင်းတမ်း

## ၁၀။ မှတ်ပုံတင်ရာတွင်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်

၁၀.၁။ ပထမဆုံးအကြိမ်အဖြစ် Log-in ဝင်ရောက်ခြင်းအတွက်

အဆင့် ၁ - online တွင် currency Prepaid-Card Account အားဝင်ရောက်ပြီးမှတ်ပုံတင်ရန်အတွက် https://prepaid.kbzbank.com သို့သွားပါ။

အဆင့် ၂ - အသုံးပြုသူအသစ်အနေဖြင့် မှတ်ပုံတင်ရန် "Register Now " link ကိုနှိပ်ပါ။

အဆင့် ၃ - ကတ်ကိုင်ဆောင်သူသည်မိမိနှစ်သက်ရာ ID အမျိုးအစားကိုရွေးချယ်ပြီး ID နံပါတ်ကိုရိုက်ထည့်ပါ။ ထို့နောက် Password သတ်မှတ်ပါ။

၁၀.၂။ ကမ္ဘောဇဘဏ် web log-in Page မှ Home Page သို့သွားရန်အောက်ပါ tab ၃ ခုကိုနှိပ်ရပါမည် -

၁၀.၂.၁။ Home

၁၀.၂.၁။ Personal

၁၀.၂.၁။ Account

| TAB | MENU | DETAILS |
|---|---|---|
| ကိုယ်ရေး | ကိုယ်ရေးအချက်အလက်ကိုကြည့်ရှုခြင်း | ကိုယ်ရေးအချက်အလက်များကိုကြည့်ရန် |
| | Password ပြောင်းလဲခြင်း | ကတ်ကိုင်ဆောင်သူအနေဖြင့် Password ပြောင်းလဲရန် |
| | လုံခြုံမှုဆိုင်ရာမေးခွန်းနှင့်အဖြေများကို ပြောင်းခြင်း | ကတ်ကိုင်ဆောင်သူအနေဖြင့် log in ဝင်ရာတွင် ၎င်းတို့၏ password များကိုမေ့နေပါက ကတ်ကိုင်ဆောင်သူဖြစ်ကြောင်းစိစစ်အတည်ပြုရန် |
| ငွေစာရင်း | Link Card | ကမ္ဘောဇ web portal တွင်ရှိသည့် စာရင်းနှင့် ကတ်ကိုင်ဆောင်သူ portal ကို "ချိတ်ဆက်" ပေးရန် |
| | Card Account လက်ကျန်ငွေပမာဏ | စာရင်းလက်ကျန်စစ်ရန် |

| | | |
|---|---|---|
| | ငွေစာရင်းရှင်းတမ်း | သတ်မှတ်လအတွက် စာရင်းရှင်းတမ်းကို စစ်ဆေးရာတွင်အသုံးပြုရန် |

## ၁၁။ ဝန်ဆောင်မှုလုပ်ငန်းအပြောင်းအလဲ

၁၁.၁။ ဘဏ်သည်၎င်း၏တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် ဖြန့်ကြက်ထားသည့် ကွန်ယက်များမှတစ်ဆင့် ပိုမိုများပြားသည့် ATM များ၊ EDC၊ POS များတွင် ကတ်အားအသုံးပြုနိုင်ရန် ဆောင်ရွက်နိုင်သည်။ ထိုသို့သောကွန်ယက်များသည် မတူညီသည့် လုပ်ငန်းဆောင်ရွက်ချက်များ၊ ဝန်ဆောင်မှုများပေးမည်ဖြစ်ပြီး မတူညီသည့်ဝန်ဆောင်မှုများ နှင့်/သို့မဟုတ် နေရာဒေသများအတွက် မတူညီသည့်အခွန်အခများ ရှိကြောင်းကို ကတ်ကိုင်ဆောင်သူက သိရှိနားလည်ပြီး သဘောတူသည်။

၁၁.၂။ ဘဏ်သည် မည်သည့်အချိန်တွင်မဆို ကတ်ကိုင်ဆောင်သူထံသို့ကြိုတင်အသိပေးအကြောင်းကြားမှုမလုပ်ဘဲ ၎င်း၏တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် ATM/အခြားသောကိရိယာများတွင် ကတ်အသုံးပြုမှုအား ရုပ်သိမ်းခြင်း၊ ရပ်စဲခြင်း၊ ဖျက်သိမ်းခြင်း၊ ပိတ်ပင်ခြင်း နှင့်/သို့မဟုတ် ဝန်ဆောင်မှုအားရပ်စဲခြင်း ပြုလုပ်ပိုင်ခွင့်ရှိပြီး ထိုသို့သော ပိတ်ပင်ခြင်း သို့မဟုတ် ရပ်စဲခြင်းများကြောင့်မည်သည့်နည်းနှင့်မဆို ဖြစ်ပေါ်လာရသည့် ကတ်ကိုင်ဆောင်သူ၏ မည်သည့် ဆုံးရှုံးမှုမျိုးအတွက်မဆို ဘဏ်အနေဖြင့်တာဝန်ရှိမည်မဟုတ်ပါ။

၁၁.၃။ ပြုပြင်ထိန်းသိမ်းခြင်း - ဝန်ဆောင်မှုအပေါ်အကျိုးသက်ရောက်နိုင်သည့် ကြိုတင်အသိပေးအကြောင်းကြားထားသော ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများလုပ်ဆောင်ရာတွင် ပုံမှန်ပြုပြင်ထိန်းသိမ်းမှုပြုလုပ်ရန်ဖြစ်စေ သို့မဟုတ် အကြောင်းတစ်စုံတစ်ရာကြောင့် နည်းပညာပိုင်းဆိုင်ရာအရ ပြုပြင်ရန်လိုအပ်လျှင်ဖြစ်စေ ထိုသို့လုပ်ဆောင်ရန် လိုအပ်သည်ဟု ဘဏ်ကယူဆလျှင် ATM/အလားတူကိရိယာများအသုံးပြုနိုင်မှု သို့မဟုတ် ဝန်ဆောင်မှုအားလုံး သို့မဟုတ် ဝန်ဆောင်မှု၏မည်သည့်အစိတ်အပိုင်းကိုမဆို မည်သည့်အချိန်တွင်မဆို ကတ်ကိုင်ဆောင်သူအား ကြိုတင်အသိပေး အကြောင်းကြားခြင်းမရှိဘဲ ဘဏ်ကရပ်စဲပိုင်ခွင့်ရှိသည်။

## ၁၂။ TRANSACTION မှတ်တမ်းများ၊ လက်ကျန်အချက်အလက်များထုတ်ယူခြင်းနှင့်အမှားအယွင်းဖြစ်ခြင်း နှင့်မကျေနပ်ချက်များ

၁၂.၁။ သတ်မှတ်ထားသည့်အချိန်အတွင်း အချက်အလက်များအား ကတ်ကိုင်ဆောင်သူမှ ထည့်သွင်းနိုင်ခြင်း မရှိပါက ATM စက်မှကတ်ပြန်မထွက်လာခြင်းမျိုးဖြစ်တတ်ပါသည်။ ထိုသို့ကတ်ပြန်မထွက်လာသည့်အခြေအနေ မျိုးတွင် ကတ်ကိုင်ဆောင်သူသည် KBZ VISA Prepaid Card နှင့်/သို့မဟုတ် KBZ MasterCard Prepaid Card အသစ်အားထပ်မံလျှောက်ထားရပါမည်။

၁၂.၂။ ကမ္ဘောဇဘဏ်မှ ကတ်စာရင်းရှင်းတမ်းအား ကတ်ကိုင်ဆောင်သူ၏ မှတ်ပုံတင်ထားသော မေးလ်လိပ်စာ သို့မဟုတ် ကတ်ကိုင်ဆောင်သူမှ ကတ်လျှောက်ထားစဥ်တွင် ပေးထားသော အီးမေးလ်လိပ်စာသို့ အီလက်ထရွန်းနစ်စနစ်ဖြင့် ပေးပို့မည်ဖြစ်ပါသည်။ လစဥ်စာရင်းရှင်းတမ်းတွင် ငွေပေးချေသည့်ကာလအတွက် ကတ် Transactions၊ အခများ၊ အခကြေးငွေများနှင့် အကောင့်လုပ်ဆောင်မှုအားလုံး၏ အသေးစိတ် အကျဥ်းချုပ် တစ်ခုပါဝင်မည်ဖြစ်သည်။ ကတ်ကိုင်ဆောင်သူ သည် ကတ်စာရင်းရှင်းတမ်းလက်ခံရရှိချိန်တွင်

ရှင်းတမ်းတစ်ခုချင်းစီအား ချက်ချင်း စစ်ဆေးရမည် ဖြစ်ပြီး မှန်/မမှန် အတည်ပြုရန် တာဝန်ရှိသည်။ ကတ်ကိုင်ဆောင်သူသည် ကတ်စာရင်း ရှင်းတမ်းကို လက်ခံရရှိခြင်း မရှိပါက ကတ်စာရင်းရှင်းတမ်းကို ပုံမှန်ထုတ်ပေးရန် ကမ္ဘောဇဘဏ်ခွဲသို့ တရားဝင်တိုက်ရိုက်ဆက်သွယ် တောင်းခံနိုင်ပါသည်။ ကတ်နှင့်ပတ်သက်သော စာရင်းရှင်းတမ်း သို့မဟုတ် ကတ်အတွင်း ရှိ Transaction များ/ အကြောင်းအရာများ၌ ပုံမှန်မဟုတ်သည်များ သို့မဟုတ် ကွာခြားချက်များ ဖြစ်ပေါ်နေပါက ကတ်ကိုင်ဆောင်သူ သည် ကတ်စာရင်းရှင်းတမ်း လက်ခံရရှိသည့်ရက်မှ အလုပ်ဖွင့်ရက် (၁၄) ရက်အတွင်း ကမ္ဘောဇဘဏ်သို့ စာဖြင့်ရေးသားအသိပေးအကြောင်း ကြားရမည်။ ထိုသတ်မှတ်ကာလ အတွင်း ကွာခြားချက် တစ်စုံတစ်ရာနှင့်ပတ်သက်၍ ကမ္ဘောဇဘဏ်အနေဖြင့် အကြောင်းကြားချက် လက်ခံရရှိခြင်းမရှိလျှင် ကတ်နှင့်ပတ်သက်၍ စာရင်းရှင်းတမ်းများ၊ Transaction များသည် မှန်ကန်မှုရှိသည်ဟု ကမ္ဘောဇဘဏ်က မှတ်ယူမည်ဖြစ်သည်။

## ၁၃။ ကမ္ဘောဇဘဏ်၏အခွင့်အရေး

၁၃.၁။ ကမ္ဘောဇဘဏ်သည် ၎င်း၏ဆုံးဖြတ်ချက်ဖြင့် ကတ်ကိုင်ဆောင်သူထံသို့ ကြိုတင်အသိပေးအကြောင်းကြားမှု မလုပ်ဘဲ ကတ်အားရပ်သိမ်းခြင်း သို့မဟုတ် ရပ်စဲခြင်း သို့မဟုတ် ကတ်၏ အင်္ဂါရပ်များကို ပြောင်းလဲခြင်းများ ပြုလုပ်ပိုင် ခွင့်ရှိသည်။

၁၃.၂။ ကတ်အားခွင့်ပြုချက်မရှိဘဲသုံးစွဲနေကြောင်း သို့မဟုတ် Transaction ပြုလုပ်မှုသည်အစစ်အမှန်မဟုတ်ကြောင်း သို့မဟုတ် ရှင်းလင်းမှုမရှိကြောင်း သို့မဟုတ် ထိုသို့ဖြစ်နေသည်ဟု သင်္ကာမကင်းဖွယ်ရှိကြောင်း သို့မဟုတ် မည်သည့်အကြောင်းကြောင့်မဆို ဆက်လက်ဆောင်ရွက်ပေးနိုင်ခြင်းမရှိကြောင်း ယုံကြည်ရန်အကြောင်းရှိလျှင် ကမ္ဘောဇဘဏ်သည် Transaction အားဆောင်ရွက်ပေးခြင်းမပြုရန် ၎င်း၏သဘောဖြင့်ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

၁၃.၃။ ကမ္ဘောဇဘဏ်သည် ၎င်း၏ဆုံးဖြတ်ချက်ဖြင့် ATM တွင် ကတ်ကိုင်ဆောင်သူဝင်ရောက်အသုံးပြုမှုအား ဗီဒီယိုရိုက်ကူးခြင်း သို့မဟုတ် ကင်မရာဖြင့်မှတ်တမ်းတင်ခြင်းများပြုလုပ်နိုင်ပြီး ထိုသို့ရိုက်ကူးထားမှုကို မည်သည့် တရားစွဲဆို မှုတွင် မဆို သက်သေအဖြစ်တင်သွင်းနိုင်သည်။

## ၁၄။ ကတ်အားရပ်စဲခြင်း

၁၄.၁။ ကတ်ကိုင်ဆောင်သူအနေဖြင့် ကတ်အသုံးပြုမှုအားရပ်စဲရန်ဆုံးဖြတ်လိုက်သည်ဆိုပါက ၎င်းသည် အလုပ်လုပ်ရက် (၇) ရက် ကြိုတင်၍ ကမ္ဘောဇဘဏ်သို့စာဖြင့်အသိပေးအကြောင်းကြားရမည်ဖြစ်ပြီး ကတ်အား ကမ္ဘောဇဘဏ်သို့ ပြန်လည်အပ်နှံရမည်။ ထိုသို့ရပ်စဲခြင်းသည် ကမ္ဘောဇဘဏ်က ကတ်ကိုင်ဆောင်သူထံသို့ ပေးထားသော ကတ်နှင့်ပတ်သက်သော ဝန်ဆောင်မှုအားလုံးကိုရပ်စဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၁၄.၂။ ကတ်အသုံးပြုမှုရပ်စဲကြောင်း လျှောက်လွှာကိုတင်ပြီးသည့်နောက် Transaction အားလုံးနှင့်ပတ်သက်၍ စာရင်းရှင်းလင်းပြီးဖြစ်သည်ဆိုပါက ရက်ပေါင်း ၃၀ အတွင်း ကတ်ကိုင်ဆောင်သူသည် လက်ကျန်ငွေကို ပြန်လည်ရပိုင်ခွင့်ရှိပြီး ကျသင့်သည်အခများကိုနုတ်ယူသွားမည်ဖြစ်သည်။

၁၄.၃။ ကမ္ဘောဇဘဏ်သည် အကြောင်းပြချက်ပေး၍ဖြစ်စေ၊ မပေးဘဲနေ၍ဖြစ်စေ အလုပ်လုပ်ရက် ၇ ရက်ကြိုတင်၍အသိပေး အကြောင်းကြားမှုလုပ်ပြီး မည်သည့်အချိန်တွင်မဆို ကတ်အားဖျက်သိမ်းပြီး ဝန်ဆောင်မှုကိုရပ်စဲပိုင်ခွင့်ရှိသည်။

## ၁၅။ ကတ်အသုံးပြုနိုင်ခြင်းနှင့်ကတ်အားအဆက်မပြတ်အသုံးပြုနိုင်မှုအပေါ်အာမခံချက်မပေးခြင်း

ကတ်အသုံးပြုမှုသည် အချိန်နှင့်တပြေးညီလုပ်ဆောင်နိုင်ခြင်းမရှိသည့် အခြေအနေမျိုးဖြစ်တတ်ပါသည်။ ထိုသို့ဖြစ်ပါကကတ်ကိုင်ဆောင်သူအနေဖြင့်ကတ်ကို အသုံးပြုနိုင်မည်မဟုတ်ဘဲ ကတ်တွင်ရှိသည့် အချက်အလက်များကို မရရှိဘဲလည်း ဖြစ်နိုင်ပါသည်။ ကတ်အသုံးပြုမှုနှင့် ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာရှိပါက ကမ္ဘောဇဘဏ်ထံသို့ အသိပေးအကြောင်းကြားစေလိုပါသည်။ မည်သို့သောဝန်ဆောင်မှု ပြတ်တောက်ခြင်း များနှင့်ပတ်သက်၍ ကမ္ဘောဇဘဏ်တွင် တာဝန်မရှိကြောင်းကတ်ကိုင်ဆောင်သူက သဘောတူညီသည်။

## ၁၆။ နုတ်ယူပိုင်ခွင့်

ကတ်ကိုင်ဆောင်သူသည် အခြားလူပုဂ္ဂိုလ်မှဖြစ်စေ၊ ကမ္ဘောဇဘဏ်မှဖြစ်စေ သို့မဟုတ် မည်သည့်အကြောင်းပြချက်ကြောင့်ဖြစ်စေ မှားယွင်းလွှဲပြောင်းမိသောကြောင့် ၎င်း၏အကောင့်တွင် ပိုနေသော ငွေများကို ပြန်ပေးရန် တာဝန်ရှိပါသည်။ ယင်းပိုငွေများသည် ကတ်ကိုင်ဆောင်သူ၏ ရပိုင်ခွင့်ရှိသည့် ငွေများမဟုတ်သည့်အားလျော်စွာ ကမ္ဘောဇဘဏ်သည် မည်သည့်ကန့်သတ်ချက်၊ အသိပေးချက်မှပေးပို့ခြင်းမရှိဘဲ သို့မဟုတ် လျော်ကန်သင့်မြတ်သည့် နည်းလမ်းအရပ်ရပ်ဖြင့် ကမ္ဘောဇဘဏ်မှ နုတ်ယူနိုင်သည်။

## ၁၇။ ဝယ်ယူမှုနှင့်ပတ်သက်၍ အငြင်းပွားမှုပေါ်ပေါက်ခြင်းနှင့် ငွေပြန်အမ်းခြင်း

၁၇.၁။ ကတ်ကိုအသုံးပြုပြီး ကတ်ကိုင်ဆောင်သူဆောင်ရွက်လိုက်သည့် အရောင်းအဝယ်နှင့်ပတ်သက်ပြီး ပေါ်ပေါက်လာရသည့် မည်သို့သောအငြင်းပွားမှုမျိုးမဆို ဖြစ်ပေါ်လာပါက ထိုသို့သောအငြင်းပွားမှုမျိုးကို အရောင်းအဝယ်ပြုလုပ်ခဲ့သည့် merchant နှင့်ဖြေရှင်းမည်ဟု ကတ်ကိုင်ဆောင်သူဘက်မှ သဘောတူညီပါသည်။ အရည်အသွေးအရဖြစ်စေ၊ လုံခြုံမှုအရဖြစ်စေ၊ တရားဥပဒေနှင့်ကိုက်ညီမှုအရဖြစ်စေ၊ မည်သည့်အကြောင်းကြောင့်ဖြစ်စေ ကတ်ကိုင်ဆောင်သူ၏ကတ်ကိုသုံးပြီး ကတ်ကိုင်ဆောင်သူမှ ဆောင်ရွက်ခဲ့သည့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု အရောင်းအဝယ် ကြောင့်ဖြစ်ပေါ်လာရသော မည်သည့်ပြဿနာမျိုး အတွက်မဆို ကမ္ဘောဇဘဏ် ထံတွင်တာဝန်မရှိစေရ။

၁၇.၂။ အငြင်းပွားမှုတောင်းဆိုမှုကို Transaction လုပ်ဆောင်သည့်နေ့မှစ၍ ပြက္ခဒိန်ရက်ပေါင်း 90 အထိ လက်ခံပါမည်။

၁၇.၃။ KBZ VISA Prepaid Card အတွက် စုစုပေါင်း လိမ်လည်အငြင်းပွားမှု Transaction များသည် လွှဲပြောင်းမှု ၃၅ခုအထိသာ ရှိရမည်။

၁၇.၄။ KBZ Master Prepaid Card အတွက် စုစုပေါင်း လိမ်လည်အငြင်းပွားမှု Transaction များသည် လွှဲပြောင်းမှု ၁၅ခုအထိသာ ရှိရမည်။

၁၇.၅။ သုံးစွဲသူများသည် မိမိတို့၏ ဘဏ်စာရင်းရှင်းတမ်းများကို https://paymentcards.kbzbank.com တွင် မကြာခဏ စစ်ဆေးသင့်သည်။

## ၁၈။ ဆက်သွယ်မှုပြုလုပ်ခြင်း

၁၈.၁။ စာဖြင့်သီးခြားရေးသားဖော်ပြထားမှုမရှိပါက ကတ်ကိုင်ဆောင်သူထံသို့ ကမ္ဘောဇဘဏ်က အသိပေးအကြောင်းကြားခြင်း၊ ဆက်သွယ်ခြင်းများကို အောက်ပါနည်းလမ်းများဖြင့် ပြုလုပ်ပါက အကျိုးသက်ရောက်သည် -

၁၈.၁.၁။ အီလက်ထရောနစ်မေးလ် သို့မဟုတ် SMS ဖြင့်ပေးပို့သည်ဆိုပါက ပေးပို့သည့်အချိန်

၁၈.၁.၂။ လက်ကမ်းပေးသည်ဆိုလျှင် ပေးပို့သည့်အချိန်

၁၈.၁.၃။ ကမ္ဘောဇဘဏ်၏ဘဏ်ခွဲများ သို့မဟုတ် ATM များတွင်ကပ်ထားခြင်း သို့မဟုတ် လူမှုမီဒီယာ သို့မဟုတ် ကမ္ဘောဇဘဏ်၏ တရားဝင်ဝက်ဆိုက်တွင်တင်ထားခြင်းဖြစ်ပါက ကပ်ထားသည့်နေ့ သို့မဟုတ် တင်လိုက်သည့်နေ့ရက်

၁၈.၂။ အကြောင်းကြားခြင်း သို့မဟုတ် ဆက်သွယ်မှုပြုလုပ်ခြင်းများအား ကတ်ကိုင်ဆောင်သူထံသို့ပြုလုပ်ပြီးနောက် ယင်းတို့တွင် ဖြစ်သည့်ကိစ္စရပ်များကြောင့် ကမ္ဘောဇဘဏ်တွင် တာဝန်မရှိစေရ။ ဥပမာ - မည်သည့်အကြောင်းကြားခြင်း သို့မဟုတ် ဆက်သွယ်မှုမဆိုသည် နှောင့်နှေးနေခြင်း၊ ကြားဖြတ်ခံရခြင်း၊ ပျောက်ဆုံးခြင်း၊ မရောက်ရှိခြင်း သို့မဟုတ် ပေးပို့နေစဉ် မည်သူ့ထံသို့မဆိုပေါက်ကြားသွားခြင်းများ စသည့်ဖြစ်ရပ်များကိုဆိုလိုသည်။

## ၁၉။ အာမခံများနှင့်သက်ဆိုင်မှုမရှိခြင်း

ဤစည်းမျဉ်းများနှင့်စည်းကမ်းသတ်မှတ်ချက်များတွင်ဖော်ပြထားသည်မှအပ မည်သည့်ရည်ရွယ်ချက်အတွက်မဆို ကူးသန်း ရောင်းဝယ်မှုအရအာမခံချက်ပေးခြင်း သို့မဟုတ် ရည်ရွယ်ချက်တစ်ခုခုအတွက်သင့်တော်သည်ဟုပြောဆိုခြင်း သို့မဟုတ် သတ်မှတ်ချက်စည်းမျဉ်းများ သို့မဟုတ် ဥပဒေကြောင်းအရဖြစ်ပေါ်လာခြင်း သို့မဟုတ် အရောင်းအဝယ်လုပ်သည့်ပုံစံ သို့မဟုတ် ကုန်သွယ်မှုပုံစံများသာဖြစ်သည်ဟု ကန့်သတ်ထားမှုမရှိသော်လည်း ယင်းတို့အပါအဝင်ဖြစ်ပြီး ကတ်နှင့်ပတ်သက်၍ ဖော်ပြထားမှုကြောင့်ဖြစ်စေ၊ ကတ်နှင့်သက်ဆိုင်မှုကြောင့်ဖြစ်စေ၊ customer ဝန်ဆောင်မှုလုပ်ငန်းများ နှင့်ပတ်သက်၍ဖြစ်စေ၊ သို့မဟုတ် ဤစည်းမျဉ်းများနှင့် စည်းကမ်းသတ်မှတ်ချက်များတွင် ဖော်ပြထားသည့် အကြောင်းအရာများအရဖြစ်စေ ကမ္ဘောဇဘဏ်သည် ကတ်ကိုင်ဆောင်သူအား မည်သို့သောကိုယ်စားပြုမှု သို့မဟုတ် အာမခံချက် မျိုးကိုမဆို ပေးထားခြင်းမရှိပါ။

## ၂၀။ တာဝန်ရှိမှုကန့်သတ်ချက်

ဤစည်းမျဉ်းများနှင့်စည်းကမ်းသတ်မှတ်ချက်များ သို့မဟုတ် သက်ဆိုင်ရာတည်ဆဲဥပဒေ၏ လိုအပ်ချက်များအရ အတိအလင်း ဖော်ပြထားချက်များမှလွဲ၍ ကမ္ဘောဇဘဏ်အနေဖြင့် မကောင်းသော ရည်ရွယ်ချက်များဖြင့်

ဆောင်ရွက်ခြင်းမရှိလျှင် ဤစည်းမျဉ်းများနှင့် စည်းကမ်းသတ်မှတ်ချက်များအရ မည်သည့် တာဝန်ဝတ္တရားမျိုးကိုမဆို ထမ်းဆောင်ခြင်း သို့မဟုတ် ဆောင်ရွက်ရန်ပျက်ကွက်ခြင်းတို့ကြောင့် ပေါ်ပေါက်လာရသော ကတ်ကိုင်ဆောင်သူ၏ မည်သည့်ကိစ္စရပ်အတွက်မဆို ကမ္ဘောဇဘဏ်တွင် တာဝန်ရှိမည်မဟုတ်ပါ။ ကတ်ကိုင်ဆောင်သူအနေဖြင့် သွယ်ဝိုက်၍ဖြစ်စေ၊ အကျိုးဆက်ကြောင့်ဖြစ်စေ၊ မဟုတ်မမှန်သော လုပ်ရပ်များကြောင့် ဖြစ်စေ ဖြစ်ပေါ်လာရသော ပျက်စီးဆုံးရှုံးမှုများအတွက် ကတ်ကိုင်ဆောင်သူက ကမ္ဘောဇဘဏ်ထံသို့ ထိုသို့သော ပျက်စီးခြင်းများရှိကြောင်း အသိပေးထားသည့်တိုင် ထိုသို့သောပျက်စီးမှုများအတွက် မည်သို့သော အကြောင်းကြောင့်ဖြစ်စေ ကတ်ကိုင်ဆောင်သူအနေဖြင့် ပြန်လည်တောင်းခံပိုင်ခွင့်မရှိပါ။

## ၂၁။ လျှို့ဝှက်ထားရှိရေး

ကတ်ကိုင်ဆောင်သူ၏ကတ်စာရင်းနှင့်ပတ်သက်၍ဖြစ်စေ၊ ကတ်ကိုင်ဆောင်သူပြုလုပ်သည့် Transaction နှင့်ပတ်သက်၍ဖြစ်စေ မိမိတို့အနေဖြင့် အောက်ပါအကြောင်းများကြောင့် တတိယပုဂ္ဂိုလ်ထံသို့ထုတ်ပြန်ပေးနိုင်သည် -

၂၁.၁။ Transaction ပြီးမြောက်စေရန်လိုအပ်မှု၊

၂၁.၂။ Merchant ကဲ့သို့သော တတိယပုဂ္ဂိုလ်အတွက်သင်၏ကတ်စာရင်းအခြေအနေနှင့် ကတ်တည်ရှိမှု အား အတည်ပြုမှု၊

၂၁.၃။ အစိုးရအာဏာပိုင်၊ တရားရုံးအမိန့် နှင့်အညီဖြစ်စေရန် သို့မဟုတ် အခြားသော တရားရေးပိုင်းဆိုင်ရာ အရအစီရင်ခံတင်ပြရန် လိုအပ်မှု၊

၂၁.၄။ ကတ်ကိုင်ဆောင်သူသည်ကမ္ဘောဇဘဏ်အား စာဖြင့်ခွင့်ပြုချက်ပေးလျှင် (သို့မဟုတ်)

၂၁.၅။ မိမိတို့၏ဝန်ထမ်းများ၊ စာရင်းစစ်များ၊ တွဲဖက်များ၊ ဝန်ဆောင်မှုပေးသူများ သို့မဟုတ် ရှေ့နေများအား လိုအပ်သလို ထုတ်ပြန်ပေးရန် လိုအပ်မှု။

## ၂၂။ မလွန်ဆန်နိုင်သော ဖြစ်ရပ်များ

ဤဝန်ဆောင်မှုကို ကမ္ဘောဇဘဏ်က ဆောင်ရွက်ပေးနေစဉ်ကာလအတွင်း သဘာဝဘေးအန္တရာယ်၊ စစ်ဖြစ်ပွားမှု၊ ဆန္ဒပြမှု သို့မဟုတ် အလုပ်သမားအငြင်းပွားမှု၊ ကုန်သွယ်ရေးပိတ်ပင်မှု၊ အစိုးရအမိန့်၊ မီးလောင်ခြင်း၊ ရေကြီးခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မုန်တိုင်း သို့မဟုတ် အလွန်ဆိုးရွားသည့် ရာသီဥတုအခြေအနေများ၊ ဆူပူအုံကြွမှု၊ ပုန်ကန်မှု၊ လူထုမငြိမ်မသက်ဖြစ်မှု၊ စီးပွားရေးပိတ်ဆို့အရေးယူမှု၊ သပိတ်မှောက်မှု၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု၊ စက်ချွတ်ယွင်းမှု သို့မဟုတ် အခြားသော မလွန်ဆန်နိုင်သော ဖြစ်ရပ်များသာဖြစ်သည်ဟု ကန့်သတ်ထားမှုမရှိသော်လည်း ယင်းတို့အပါအဝင်ဖြစ်ပြီး ကမ္ဘောဇဘဏ်မှ ကျိုးကြောင်းဆီလျော်စွာ ထိန်းချုပ်နိုင်မှုထက် ကျော်လွန်နေသည့် ဖြစ်ရပ်များကြောင့် အချိန်ကာလတစ်ရပ်အထိ ဖြစ်ပေါ်လာရသည့် မည်သည့်လုပ်ငန်းဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် နှောင့်နှေးမှုဖြစ်ခြင်းများအတွက်မဆို ကမ္ဘောဇဘဏ်တွင် တာဝန်မရှိကြောင်းကို ကတ်ကိုင်ဆောင်သူသည် နားလည်သဘောတူပါသည်။ ကမ္ဘောဇဘဏ်သည် ယင်းသို့သော အခြေအနေများကြောင့် အဟန့်အတားဖြစ်ခြင်း၊ အတားအဆီးဖြစ်ခြင်း သို့မဟုတ် နှောင့်နှေးနေခြင်းများ ကြုံတွေ့နေရသည့် အတိုင်းအတာအပေါ်မူတည်၍ အဆိုပါအခြေအနေများ ပြီးဆုံးသွားသည့် အချိန်အထိ ကမ္ဘောဇဘဏ်က ပေးနေသည့် ဤဝန်ဆောင်မှုအား

ဆိုင်းငံ့ထားမည်ဖြစ်သည်။ ထိုသို့သော အခြေအနေများ ဆက်လက်ဖြစ်ပျက်နေစဉ်ကာလအတွင်း ဤစည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များတွင် ဖော်ပြထားသော တာဝန်ဝတ္တရားများကို ဖြည့်ဆည်းရန်၊ ထမ်းဆောင်ရန် ပျက်ကွက်ခြင်း သို့မဟုတ် နှောင့်နှေးခြင်းများအတွက် ကမ္ဘောဇဘဏ်အနေဖြင့် ကတ်ကိုင်ဆောင်သူအပေါ်တွင်ဖြစ်စေ သို့မဟုတ် အခြား မည်သည့်လူပုဂ္ဂိုလ် တစ်ဦးဦးအပေါ်တွင်ဖြစ်စေ တာဝန်ရှိစေခြင်း သို့မဟုတ် ဤစည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များအား ချိုးဖောက်ခြင်းဖြစ်သည်ဟု မှတ်ယူခြင်းမရှိစေရပါ။

## ၂၃။ ဉာဏပစ္စည်းပိုင်ဆိုင်ခွင့်

ကမ္ဘောဇဘဏ်၏ ဝဘ်ဆိုက်နှင့် စာရွက်စာတမ်းအားလုံးတွင် အကြောင်းအရာအဖြစ်ဖြင့်ဖြစ်စေ၊ စကားအသုံးအနှုန်း ပုံစံအဖြစ်ဖြင့်ဖြစ်စေ ပါရှိသော ကုန်အမှတ်တံဆိပ်၊ သင်္ကေတ၊ စာလုံးအမှတ်အသား၊ လုပ်ငန်းဝန်ဆောင်မှုအမှတ်အသား၊ ကုန်အမှတ်တံဆိပ်အမည်နှင့် ဒီဇိုင်းလက်ရာအားလုံး၏ ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်အရပ်ရပ်သည် ကမ္ဘောဇဘဏ်၏မူပိုင်ဖြစ်သည်။ ကတ်ကိုင်ဆောင်သူသည် ကမ္ဘောဇဘဏ်၏ ဉာဏပစ္စည်းဆိုင်ရာမူပိုင်ခွင့်ကို ကိုယ်ကျိုးအတွက်သုံးစွဲခြင်းမပြုရ သို့မဟုတ် ကမ္ဘောဇဘဏ်မှ စာဖြင့်ရေးသားထားသော ကြိုတင်ခွင့်ပြုချက် ရရှိထားခြင်းမရှိဘဲ မည်သည့်ကိစ္စကိုမဆို ကြော်ငြာခြင်းမပြုရ။ ကတ်ကိုင်ဆောင်သူသည် ကမ္ဘောဇဘဏ်၏ပုံရိပ်၊ ကုန်အမှတ်တံဆိပ်၊ လုပ်ငန်းအမည် သို့မဟုတ် အခြားဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ကို ထိခိုက်ပျက်ပြားစေနိုင်သည့် မည်သည့်ပြုလုပ်မှုမျိုးကိုမဆို ပြုလုပ်ခွင့်ရှိမည်မဟုတ်ပါ သို့မဟုတ် အခြားသူက ပြုလုပ်ခြင်းကိုလည်း ခွင့်ပြုပေးပိုင်ခွင့် ရှိမည်မဟုတ်ပါ။

## ၂၄။ ငွေကြေးခဝါချမှု တားဆီးရေးနှင့်ပိတ်ဆို့အရေးယူမှုများ

၂၄.၁။ လူပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများနှင့် သဘောတူညီချက်ပြုလုပ်ခြင်း သို့မဟုတ် ၄င်းတို့ပါဝင်သည့် Transaction များပြုလုပ်ခြင်းများမှ ကမ္ဘောဇဘဏ်အား တားဆီးပိတ်ပင်မှုပြုလုပ်နိုင်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သို့မဟုတ် အခြားသောနိုင်ငံများ၏ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေများကို ကမ္ဘောဇဘဏ်က လိုက်နာရပါသည်။

၂၄.၂။ ကမ္ဘောဇဘဏ်သည် ၄င်း၏ငွေကြေးခဝါချမှုတိုက်ဖျက်ရေး သို့မဟုတ် အကြမ်းဖက်အဖွဲ့များအား ငွေကြေး ထောက်ပံ့မှုတိုက်ဖျက်ရေးနှင့် စီးပွားကုန်သွယ်မှုပိတ်ဆို့အရေးယူမှုများကို စီမံခန့်ခွဲရေး သို့မဟုတ် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်အခြားသောဥပဒေနှင့် စည်းမျဉ်းများနှင့်မဆိုကိုက်ညီမှုရှိစေရေးအတွက် လိုအပ်သည့်သတင်းအချက်အားလုံးကို ကတ်ကိုင်ဆောင်သူက ပေးအပ်ရမည်။

၂၄.၃။ မည်သည့် Transaction မျိုးအတွက်မဆို ကမ္ဘောဇဘဏ်ကဆောင်ရွက်ပေးသည့် လုပ်ငန်းစဉ်များသည် မြန်မာနိုင်ငံ၏ ဥပဒေများကိုသော်လည်းကောင်း၊ အခြားမည်သည့်နိုင်ငံမဆို၏ ဥပဒေများကိုသော် လည်းကောင်း ချိုးဖောက်မှု မရှိကြောင်း ကတ်ကိုင်ဆောင်သူကထုတ်ဖော်ကြေညာပြီး တာဝန်ယူသည်။

## ၂၅။ တရားမဝင်ဖြစ်ခြင်း

သက်ဆိုင်ရာဥပဒေ၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းလိုအပ်ချက် သို့မဟုတ် တရားရုံးဆုံးဖြတ်ချက်များကြောင့် သို့မဟုတ် ဤစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များအရ ရှိနေသည့်တာဝန်ဝတ္တရားများအားထိန်းသိမ်းစောင့်ရှောက်ခြင်း သို့မဟုတ်

ဆောင်ရွက်ခြင်းသည် တရားဥပဒေနှင့်ကိုက်ညီမှုမရှိဟု ကမ္ဘောဇဘဏ်ကယူဆလျှင် သို့မဟုတ် ထိုသို့ဆောင်ရွက်ခြင်းများအား ပြုလုပ်ခြင်းမှ ကမ္ဘောဇဘဏ်အား တားဆီးခြင်းခံရလျှင် ကမ္ဘောဇဘဏ်သည် မည်သည့်ကတ်၊ Card Account သို့မဟုတ် ဝန်ဆောင်မှုကိုမဆို ပိတ်ပစ်ခြင်း သို့မဟုတ် ရပ်သိမ်းခြင်းပြုလုပ်နိုင်သည်။ ထိုသို့ဖြစ်လာသည်ဆိုပါက ကတ်ကိုင်ဆောင်သူသည် ပေးရန်တာဝန်အားလုံးအား တောင်းခံသည်နှင့် ကမ္ဘောဇဘဏ်သို့ ပေးရမည်။

## ၂၆။ အထောက်အထားများပေးခြင်း

ကမ္ဘောဇဘဏ်အားပေးနေသည့် မည်သည့်ဝန်ဆောင်မှုမျိုးအပြင် တရားရုံးဆောင်ရွက်ချက် သို့မဟုတ် တရားစွဲဆိုမှုအတွက် လူကိုယ်တိုင်သော်လည်းကောင်း သို့မဟုတ် အခြားနည်းလမ်းဖြင့်လည်းကောင်းပေးရမည့် မည်သည့်အထောက်အထားမဆို (ဆင့်ခေါ်စာ၊ စာဒကရှင်းတမ်း၊ လုပ်ထုံးလုပ်နည်းအရတောင်းခံမှု၊ လူမွဲစာရင်းလျှောက်ထားမှုများသာဖြစ်သည်ဟု ကန့်သတ်ထားမှုမဟုတ်သော်လည်းယင်းတို့အပါအဝင်) အား စာတိုက်မှပို့ခြင်း၊ ကမ္ဘောဇဘဏ်၏မှတ်တမ်းများအတွင်းရှိ ကတ်ကိုင်ဆောင်သူ၏ နောက်ဆုံးလိပ်စာသို့ပို့ခြင်းများ ပြုလုပ်သွားမည်ဖြစ်ပြီး ထိုသို့သောဝန်ဆောင်မှုများအားမပေးဖြစ်ဘဲ အောက်ပါအတိုင်း ပို့သော်လည်း ပြန်ရောက်လာသည်ဆိုလျှင်ပင် အကျိုးသက်ရောက်မှုရှိသည်ဟု မှတ်ယူရမည် -

၂၆။၁။ လူဖြင့်လက်ကမ်းပေးပို့သည်ဆိုပါက ပေးပို့သည့်အချိန် သို့မဟုတ် ပေးပို့ရမည့်လိပ်စာသို့ပေးပို့ပြီးချိန်

၂၆။၂။ မြန်မာနိုင်ငံအတွင်းရှိလိပ်စာတစ်ခုသို့စာတိုက်မှပေးပို့ခြင်းဖြစ်သည်ဆိုပါက စာတိုက်မှပေးပို့ပြီးနောက် အလုပ်လုပ်ရက် (၅) ရက်တွင်း။

## ၂၇။ ပြင်ဆင်ခြင်း

ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များအတွင်းဖော်ပြထားသည့် မည်သည့်ပြဋ္ဌာန်းချက် သို့မဟုတ် ဝန်ဆောင်မှုနှင့်/သို့မဟုတ် မည်သည့်အပြောင်းအလဲကိုမဆို မည်သည့်အချိန်တွင်ဖြစ်စေ၊ မည်သည့် အကြောင်းကြောင့်ဖြစ်စေ မည်သည့်ကြိုတင်အသိပေးအကြောင်းကြားမှုမျိုးကိုမျှမလုပ်ဘဲ ကမ္ဘောဇဘဏ်၏ တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် ပြင်ဆင်ခြင်း၊ မွမ်းမံခြင်း သို့မဟုတ် အစားထိုးခြင်းများ ပြုလုပ်နိုင်ကြောင်းကို ကတ်ကိုင်ဆောင်သူက ဝန်ခံအသိအမှတ်ပြုသည်။ ဝက်ဘ်ဆိုက်တွင်ဖော်ပြပေးထားမည့် ပြင်ဆင်ချက်များအပါအဝင် ဤစည်းမျဉ်းများအား ပုံမှန်ကြည့်ရှုရန်တာဝန်သည် ကတ်ကိုင်ဆောင်သူ၏ တာဝန်သာဖြစ်သည်။ ဤစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များအား ပြင်ဆင်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်းအား ကတ်ကိုင်ဆောင်သူအနေဖြင့် လက်မခံပါက ၎င်းသည် ကမ္ဘောဇဘဏ်၏ အသိပေးအကြောင်းကြားချက်အား ပေးပို့သည့်နေ့မှစ၍ (၇) ရက်အတွင်း ကတ်အသုံးပြုမှုကိုရပ်ဆိုင်းရမည်ဖြစ်ပြီး ဤစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များတွင်ဖော်ပြပါရှိသည့်အတိုင်း Card Account အား ရပ်စဲရမည်။ ပြင်ဆင်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်းများအတည်ဖြစ်ပြီးနောက်မှ ကတ်အား ကတ်ကိုင်ဆောင်သူက ဆက်လက်အသုံးပြုနေသည်ဆိုလျှင် ကတ်ကိုင်ဆောင်သူသည် ပြင်ဆင်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်းအား ခြွင်းချက်မရှိ လက်ခံသဘောတူခြင်းဖြစ်သည်ဟု မှတ်ယူမည်ဖြစ်သည်။ ဤစည်းစည်းကမ်းသတ်မှတ်ချက်များအား ပြောင်းလဲမှု သို့မဟုတ် အပြောင်းအလဲများ ပြုလုပ်ပြီးနောက်

ကတ်ကိုင်ဆောင်သူသည် ဤ၀န်ဆောင်မှု၏ မည်သည့်အသုံးပြုမှုတိုင်းအတွက်မဆို ဤပြောင်းလဲသွားသည့် စည်းမျဥ်းစည်းကမ်း သတ်မှတ်ချက်များနှင့် အကျုံးဝင်သက်ရောက်မှုရှိမည်ဖြစ်သည်။

## ၂၈။ လွှဲပြောင်းခြင်း

ဤစည်းမျဥ်းစည်းကမ်းချက်သတ်မှတ်ချက်များအရ ကတ်ကိုင်ဆောင်သူသည် ကမ္ဘောဇဘဏ်၏ စာဖြင့်ရေးသားဖော်ပြထားသော သဘောတူညီချက်မရှိဘဲ ၎င်း၏ အခွင့်ရေး သို့မဟုတ် တာဝန်ဝတ္တရားများ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ လွှဲပြောင်းတာဝန်ပေးအပ်ခြင်းမပြုရဘဲ၊ ဤစည်းမျဥ်းနှင့် စည်းကမ်းသတ်မှတ်ချက်များတွင် ပါဝင်သောမည်သည့် အစိတ်အပိုင်းကိုဖြစ်စေ ဖော်ဆောင်ရန်အတွက် မည်သည့် ထပ်ဆင့်စာချုပ်ကိုမဆို ချုပ်ဆိုခြင်းမပြုရ။

## ၂၉။ အာမခံခြင်း

ဝန်ဆောင်မှုအသုံးပြုခြင်းဆိုင်ရာ စည်းကမ်းချက်အဖြစ် ဝန်ဆောင်မှုများအား တရားဥပဒေနှင့်ကိုက်ညီခြင်းမရှိသည့် မည်သည့်ရည်ရွယ်ချက်မျိုးအတွက်မဆို အသုံးပြုမည်မဟုတ်ပါကြောင်း ကတ်ကိုင်ဆောင်သူက ကမ္ဘောဇဘဏ်အား အာမခံသည်။ ဝန်ဆောင်မှုများကို အသုံးပြုမှုနှင့် စပ်လျဥ်းသည့် တည်ဆဲဥပဒေ၊ စည်းမျဥ်းစည်းကမ်း၊ နည်းဥပဒေနှင့် ပြဋ္ဌာန်းဥပဒေအရပ်ရပ်ကို လိုက်နာရန် ကတ်ကိုင်ဆောင်သူမှ သဘောတူသည်ဖြစ်သည်။

## ၃၀။ ဆက်လက်အသက်ဝင်ခြင်း

ဤစည်းကမ်းချက်များပါ ပြဋ္ဌာန်းချက်တစ်ရပ်စီတိုင်းသည် အခြားပြဋ္ဌာန်းချက်များနှင့်မတူဘဲ သီးခြားသက်ဝင်မှု ရှိမည်ဖြစ်သည်။ ဤစည်းကမ်းချက်များပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် တရားဝင်မှုမရှိတော့ခြင်း၊ ပျက်ပြယ်ခြင်း သို့မဟုတ် ဥပဒေတစ်ရပ်ရပ်အရ အာဏာသက်ရောက်မှုမရှိတော့ခြင်းများဖြစ်လာပါက ယင်းအပိုင်းသည်သာ ပျက်ပြယ်မည်ဖြစ်ပြီး ကျန်ပြဋ္ဌာန်းချက်များအား ထိခိုက်စေခြင်း သို့မဟုတ် ပျက်ပြယ်စေခြင်းများရှိမည်မဟုတ်ဘဲ ကျန်ပြဋ္ဌာန်းချက်များသည် ဆက်လက်အသက်ဝင်နေမည်ဖြစ်သည်။

## ၃၁။ စွန့်လွှတ်ခြင်း

ဤစည်းကမ်းချက်များပါ မည်သည့်ပြဋ္ဌာန်းချက် (များ) ကိုမဆို မည်သည့်အချိန်တွင်မဆို အကျိုးသက်ရောက်မှုရှိအောင် ဆောင်ရွက်ရန် မည်သည့်ဖက်ကမဆိုပျက်ကွက်ခြင်း သို့မဟုတ် နှောင့်နှေးခြင်းကို ဤစည်းကမ်းချက်များပါ ပြဋ္ဌာန်းချက်တစ်ခုစီ တိုင်းနှင့်ပြဋ္ဌာန်းချက်အရပ်ရပ်ကို အာဏာသက်ရောက်အောင် လုပ်ဆောင်ပိုင်ခွင့်အား စွန့်လွှတ်ခြင်းဖြစ်သည်ဟု အဓိပ္ပာယ်ကောက် ယူခြင်းမရှိစေရ။

## ၃၂။ သက်ဆိုင်မှုမရှိခြင်း

ဤစည်းမျဥ်းနှင့်စည်းကမ်းချက်များတွင်ပါဝင်သော မည်သည့်ပြဋ္ဌာန်းချက်မဆိုကြောင့် ဤစည်းမျဥ်းနှင့် စည်းကမ်းချက်များကို သဘောတူထားသည့် ကမ္ဘောဇဘဏ်နှင့် ကတ်ကိုင်ဆောင်သူတို့သည် အလုပ်သမားနှင့်အလုပ်ရှင်၊

KBZ BANK
STRENGTH OF MYANMAR

မိတ်ဖက်၊ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သူ၊ ဖက်စပ်လုပ်ငန်းလုပ်ကိုင်သည်ဟု အဓိပ္ပာယ်ကောက်ယူခြင်းမရှိစေရ။ အသုံးပြုသူနှင့် ကမ္ဘောဇဘဏ်တို့သည် သီးခြားလွတ်လပ်သော သူများဖြစ်ပြီး မည်သည့်ဖက်ကမဆို အခြားတစ်ဖက်၏ လုပ်ဆောင်ချက်၊ ဆောင်ရွက်ချက် သို့မဟုတ် ပျက်ကွက်ခြင်း များအတွက်တာဝန်မရှိစေရ။

## ၃၃။ လွှမ်းမိုးသောဥပဒေနှင့် အငြင်းပွားမှုဖြေရှင်းခြင်း

ဤစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေများက လွှမ်းမိုးမည်ဖြစ်ပြီး ယင်းဥပဒေများနှင့်အညီ အဓိပ္ပာယ်ဖွင့်ဆိုရမည်ဖြစ်ကာ ဤစည်းမျဉ်းစည်းကမ်းများမှ သို့မဟုတ် ဤစည်းမျဉ်းစည်းကမ်းများအရ ပေါ်ပေါက်လာသော မည်သည့်အငြင်းပွားမှုကိုမဆို စီရင်ဖြေရှင်းပိုင်ခွင့်အာဏာသည် မြန်မာနိုင်ငံရှိ တရားရုံးများတွင်သာ ရှိစေရမည်ဖြစ်သည်။

## ၃၄။ ဘာသာစကား

ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များအား အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ပြုလုပ်ထားပြီး နှစ်မျိုးစလုံးသည် တူညီသော အဓိပ္ပာယ်သက်ရောက်မှုရှိမည်ဖြစ်သည်။ အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာနှစ်မျိုးဖြင့် ပြုလုပ်ထားခြင်း ဖြစ်သောကြောင့် ကွဲလွဲမှုတစ်စုံတစ်ရာရှိလျှင် မြန်မာဘာသာဖြင့် ရေးသားထားသည့် စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များကိုသာလျှင် အမှန်ယူရမည် ဖြစ်သည်။

## ၃၅။ CUSTOMER CONTACT CENTER:

ကတ်ကိုင်ဆောင်သူများအနေဖြင့် စုံစမ်းမေးမြန်းလိုသည်များရှိလျှင်၊ မကျေနပ်ချက်များအားမှတ်ပုံတင်လိုလျှင် သို့မဟုတ် အရေးအကြီးဆုံးအနေဖြင့်ကတ်ပျောက်ဆုံးမှုအားအသိပေးအကြောင်းကြားလိုလျှင် ကမ္ဘောဇဘဏ်၏ Customer Contact Center ထံသို့အောက်ပါဖုန်းနံပါတ်များမှတစ်ဆင့်အချိန်မရွေးဆက်သွယ်အကြောင်းကြားနိုင်သည် -

ရန်ကုန်မြို့ရှိ Customer Contact Center +95 1 515216/ +95 1 515217/ +95 1 515218/ +951 515238/ +95 1 2305756/ +95 1 2305736, +95 1 2306185

Fax to +95 1 515238

ကတ်ကိုင်ဆောင်သူများအနေဖြင့် ကမ္ဘောဇဘဏ်ထံသို့ hotline.cards@kbzbank.com မှတစ်ဆင့် စာဖြင့်ဆက်သွယ် အကြောင်းကြားနိုင်သည်။

ကမ္ဘောဇဘဏ်၏ Explore Visa/ MasterCard Prepaid Card သည် EMV chip card အမျိုးအစားဖြစ်ပြီး နိုင်ငံခြားသို့ခရီးထွက်သည့် အချိန်တွင် ပေးချေမှုများပြုလုပ်ရန်အတွက် လုံခြုံစိတ်ချရမှုရှိပြီး အဆင်ပြေမှုရှိသည်။ online merchant များနှင့် နိုင်ငံခြားရှိ VISA/ MasterCard များကိုလက်ခံသည့် ATM များအပါအဝင် ကမ္ဘာတစ်ဝန်း (merchant သန်း ၃၀ ကျော်) တွင် ဤ prepaid card အား လက်ခံအသုံးပြုနေသည်။ KBZ online account ကိုသုံးပြီး ကတ်တွင်ပြုလုပ်ထားသည့်

Transaction များနှင့်လက်ကျန်ငွေပမာဏအား ကတ်ကိုင်ဆောင်သူအနေဖြင့် အလွယ်တကူစစ်ဆေးနိုင်သည်။ သတ်မှတ်ထားသည့် ကမ္ဘောဇဘဏ်ခွဲများတွင် instant prepaid card ကိုလျှောက်ထားနိုင်သည်။